**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

Website: chinland.org Email: cnf.headquarters@gmail.com


# ဝမ်းနည်းသဝဏ်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ဖက်ဒရယ်ဒီမိုကရေစီ ထွန်းကား၍ တန်းတူညီမျှမှုရှိသော အမျိုးသားယဉ်ကျေးမှုလူ့ဘောင်သစ်တရပ် ပေါ်ပေါက်နိုင်ရေးအတွက် ရှေ့တန်းမှ မားမားမတ်မတ်ရပ်တည်ခဲ့သော အမျိုးသားခေါင်းဆောင်ကြီးဖြစ်သူ ချင်းအမျိုးသားတပ်ဦး၏ ဥက္ကဋ္ဌဟောင်း Dr. Za Hlei Thang ကွယ်လွန်သွားသည့်အပေါ် ကျန်ရစ်သူမိသားစု၊ ဆွေမျိုးမိတ်သင်္ဂဟ၊ ချင်းအမျိုးသားပြည်သူများနှင့် ထပ်တူ ဝမ်းနည်းရပါသည်။

ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဒီမိုကရေစီထွန်းကားရေးအတွက် အထက်မှပေးအပ်သောတာဝန်ကို အသက်ပင်သေသေ၊ အရေပင်ခန်းခန်း ကျေပွန်စွာ ထမ်းရွက်ပါမည်ဟူသော သံန္နိဋ္ဌာန်ဖြင့် ချင်းအမျိုးသားအလံကို စွဲကိုင်ပြီး အောက်ချင်းငှက်သစ္စာကို အရင်းတည်လျက် ဘဝနေဝင်ချိန်အထိ အဆုံးတိုင် ပေးဆပ်သွားခဲ့သူ ခေါင်းဆောင်ကြီး Dr. Za Hlei Thang ကွယ်လွန်သည့် ၂၀၁၈ ခုနှစ်၊ မတ်လ (၁၇) ရက်သည် ချင်းအမျိုးသားတပ်ဦး၊ တပ်မတော်တစ်ဖွဲ့လုံးအတွက် ကြယ်စင်ကြီးတစ်လုံး ကြွေသွားသည့် အမှောင်ကျသော နေ့ရက်ပင်ဖြစ်သည်။ ဤနေ့ ဤရက် ဤအချိန်ခါကို ချင်းအမျိုးသားတပ်ဦး၊ တပ်မတော်တစ်ဖွဲ့လုံးက မည်သို့မျှ မေ့ပျောက်နိုင်မည်မဟုတ်ပေ။

ဆေးကျောင်းသားဘဝမှ ကွယ်လွန်ချိန်အထိ မြန်မာနိုင်ငံအတွင်း အမျိုးသားတန်းတူရေး၊ တိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် ထောင်နန်းစံ၍တနည်း၊ အဓ္ဓရာယ်မျိုးစုံကို တိမ်းရှောင်၍တဖုံ၊ အခက်အခဲမျိုးစုံကို ရင်ဆိုင်ဖြတ်သန်းယင်း ပေးဆပ်သွားခဲ့သော မျိုးချစ်ပုဂ္ဂိုလ်ကြီး ကွယ်လွန်သွားခြင်းသည် ချင်းအမျိုးသားပြည်သူတစ်ရပ်လုံးအတွက် မဟာဆုံးရှုံးမှုကြီးပင်ဖြစ်သည်။

"ငါသည် လူတန်းစားတစ်ရပ်၊ လူမျိုးနွယ်တစ်စု၊ ဘာသာအယူဝါဒတစ်ခု၊ ဒေသန္တရတစ်ခု အကျိုးစီးပွားအတွက် အမျိုးသားလက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ပြီး ချင်းအမျိုးသားတပ်ဦးသို့ ခြေစုံပစ် ဝင်ရောက်လာခြင်းမဟုတ်၊ ချင်းအမျိုးသားတစ်ရပ်လုံး၏ အမျိုးသားရည်မှန်းချက်ပန်းတိုင် ရောက်ရှိနိုင်ရေးအတွက် ရဲဖော်ရဲဖက်များနှင့်လက်တွဲပြီး အသက်သေဆုံးသည်အထိ ခင်ဗျားတို့နှင့်အတူ ရင်အုပ်မကွာ ရှိနေမည်" ဟု မှာကြားလေ့ရှိသူ ဥက္ကဋ္ဌဟောင်း Dr. Za Hlei Thang ၏ ရိုးသားဖြူစင်မှု၊ သစ္စာရှိမှု၊ ပေးဆပ်မှုတို့ကို "စံ" နမူနာယူပြီး မပြီးပြတ်သေးသော အမျိုးသားရေးတာဝန်များကို ဦးလည်မသုံ ထမ်းရွက်သွားကြမည်ဖြစ်ကြောင်း ဤဝမ်းနည်းသဝဏ်လွှာအားဖြင့် ခေါင်းဆောင်ကြီး၏ ရုပ်ကလပ်ရှေ့မှောက်တွင် ထပ်မံ ဂတိပြုပါသည်။

ဥက္ကဋ္ဌဟောင်း Dr. Za Hlei Thang တစ်ယောက် ပရိဒိသုဘုံလားရာ ဖြောင့်ဖြူးပြီး ခရစ်တော်၌ တည်ငြိမ်အေးချမ်းစွာ အနားယူပါစေကြောင်း ဆန္ဒပြုယင်း!

ချင်းအမျိုးသားတပ်ဦး၊ တပ်မတော်သားများ
၂၀၁၈ ခုနှစ်၊ မေလ ( ၅ ) ရက်